**(၂၇-၁၁-၂၀၂၀) မှ (၃-၁၂-၂၀၂၀)ထိဆန်ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေ**

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၂ ရက်နေ့တွင် **International Rice Market Website** တွင် ဖော်ပြချက်အရ ပါကစ္စတန် ဆန်ဈေးနှုန်းများမှာ ဧည့်မထ (၅%) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၉၃ ဖြင့်လည်းကောင်း၊ ဧည့်မထ (၂၅%) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၃၈ ဖြင့်လည်းကောင်း ဖြစ်ပေါ်ခဲ့သည်ကို သိရှိရပါသည်။ ထိုင်းဆန်ဈေးနှုန်းများမှာ (၁၀၀%) ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၂၀ ဖြင့်လည်းကောင်း၊ ဧည့်မထ(၅%) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၀၃ ဖြင့်လည်းကောင်း၊ ဧည့်မထ (၂၅%) ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၉၁ ဖြင့်လည်းကောင်း၊ ပေါင်းဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၀၃ ဖြင့်လည်းကောင်း အသီးသီး ဖြစ်ပေါ်ခဲ့သည်ကို လေ့လာသိရှိရပါသည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ (၅%) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၁၃ ဖြင့်လည်းကောင်း၊ ဧည့်မထ (၂၅%) ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၅၈ ဖြင့်လည်းကောင်းရှိခဲ့ပြီး အိန္ဒိယနိုင်ငံတွင် ဧည့်မထ (၂၅%) ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၂၈ ဖြင့်လည်းကောင်း အသီးသီးရှိခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

ပြည်ပဆန်ဈေးကွက် သတင်းများအနေဖြင့် Reuters သတင်းတစ်ရပ်တွင် ဖော်ပြချက်အရ ထိုင်းနိုင်ငံတွင် ကုန်သေတ္တာ သင်္ဘောတင်ခနှုန်းထားများ ကြီးမြင့်လာခြင်းကြောင့် ယခုတစ်ပတ်ထိုင်းဆန် ပို့ကုန်ဈေးများ နှစ်လကျော်အတွင်း အမြင့်ဆုံးသို့ ခုန်တက်လာခဲ့ပြီး အိန္ဒိယနိုင်ငံတွင်လည်း ရူပီးငွေဈေး မြင့်တက်ခြင်းနှင့် ဆန်ဝယ်လိုအား တိုးတက်လာခြင်းတို့ကြောင့် ဆန်ပို့ကုန်ဈေးများ မြင့်တက်ခဲ့သည်ကို သိရှိရပါသည်။ အိန္ဒိယနိုင်ငံ၏ ငါးမှတ်ပေါင်းဆန်ဈေးသည် ယခင်တစ်ပတ်က တစ်တန်လျှင် ၃၆၆-၃၇၀ ဒေါ်လာကြား ရပ်တည်ခဲ့ရာမှ ယခုတစ်ပတ်တွင် တစ်တန်လျှင် ၃၇၂-၃၇၈ ဒေါ်လာအထိ မြင့်တက်လာခဲ့သည်ကို သိရှိရပါသည်။

အိန္ဒိယဆန်ဈေးသည်ပြိုင်ဘက် ဆန်တင်ပို့နိုင်ငံများထက် ဈေးနှုန်းသက်သာနေခြင်းကြောင့် အိန္ဒိယဆန်အတွက် ဝယ်လိုအား မြင့်တက်နေကြောင်း အိန္ဒိယ ဆန်ပို့ကုန်လုပ်ငန်းရှင်များ

အသင်း (REA) ဥက္ကဋ္ဌ B.V. Krishna Rao ပြောကြားခဲ့သည်ကို သိရှိရပါသည်။ ရူပီးငွေတန်ဖိုး မြင့်တက်နေခြင်းကြောင့်လည်း ပို့ကုန်လုပ်ငန်းများက ဆန်စျေးကို မြှင့်တင်လာရကြောင်း အိန္ဒိယ တောင်ပိုင်း အန္ဒရဒေသပြည်နယ်၊ ကာကီနာဒါမြို့ အခြေစိုက် ပို့ကုန်လုပ်ငန်းရှင်တစ်ဦးက ပြောကြား ခဲ့သည်ကို သိရှိရပါသည်။

ထိုင်းနိုင်ငံတွင် ထိုင်းရည်ညွန်းဆန်ဖြစ်သော ငါးမှတ်ဆန်စျေးသည် သဘော်ာတင်ခ မြင့်တက်လာခြင်းကြောင့် ယခင်တစ်ပတ်က တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၇၅-၄၉၆ ဒေါ်လာ ကြားရပ်တည်ခဲ့ရာမှ ယခုတစ်ပတ်တွင် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၈၅-၅၀၃ ဒေါ်လာသို့ မြင့်တက်လာခဲ့သည်ကို သိရှိရပါသည်။ ဆန်စျေးကွက်ငြိမ်နေသော်လည်း သဘော်ာတင်ခများ စျေးနှုန်း မြင့်တက်လာခြင်းကြောင့် ဆန်စျေးနှုန်းလည်း မြင့်တက်လာခြင်းဖြစ်ကြောင်း ဘန်ကောက်မြို့ အခြေစိုက်ကုန်သည်တစ်ဦးက ပြောကြားခဲ့သည်ကို သိရှိရပါသည်။

ဗီယက်နမ်နိုင်ငံတွင် ငါးမှတ်ဆန်စျေးမှာ ယခင်တစ်ပတ်ကအတိုင်း အပြောင်းအလဲ မရှိဘဲ တစ်တန်လျှင် ၄၉၅-၅၁၃ ဒေါ်လာကြား ရပ်တည်နေလျက်ရှိပြီး တရုတ်နိုင်ငံနှင့် ဖိလစ်ပိုင် နိုင်ငံများသို့ ဆန်တင်ပို့မှု မြင့်တက်လျက်ရှိကြောင်း သိရှိရပါသည်။ သို့ရာတွင် မလေးရှားနိုင်ငံ၊ အာဖရိကနှင့် အခြားစျေးကွက်များမှ ဝယ်လိုအား ပျော့နေဆဲဖြစ်ကြောင်း ဟိုချီမင်းစီးတီးမြို့ အခြေစိုက်ကုန်သည်တစ်ဦးက ပြောကြားခဲ့သည်ကို သိရှိရပါသည်။ ဗီယက်နမ်၏ ဆန်စိုက်ပျိုးမှု အများဆုံးဒေသဖြစ်သည့် မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသမှ တောင်သူများသည် မိုးခေါင်မှုမှ ရှောင်လွှဲ နိုင်ရန် ဆောင်းစပါးစိုက်ပျိုးမှုကို ပုံမှန်ထက် အနည်းငယ်စော၍ စတင်ခဲ့ကြကြောင်း ကုန်သည် များက ပြောကြားကြသည်ကို သိရှိရပါသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မုန်တိုင်းကျရောက်မှု၊ မိုးသည်းထန်စွာ ရွာသွန်းမှုစသည့် ရာသီ ဥတု ဆိုးရွားသည့်ဒဏ်များကို ကြုံတွေ့ခဲ့ရသည့် အတွက်ကြောင့် လက်ရှိစျေးကွက်နှစ် ဆန် ထုတ်လုပ်မှုတွင်ယခင်နှစ်ကထက်လျော့ကျ၍ တန်ချိန် ၃၅.၃၀ သန်းသာရှိနိုင်မည်ဟု အမေရိကန် စိုက်ပျိုးရေးဝန်ကြီးဌာနက ယခုလအစောပိုင်းက ထုတ်ပြန်ခဲ့သည်ကို သိရှိရပါသည်။ မေလမှ စတင်၍ ဩဂုတ်လတွင် ပြီးဆုံးခဲ့သော ရာသီဥတု ဆိုးရွားမှုကာလသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏

ဆန်ထုတ်လုပ်မှုကို ထိခိုက်စေခဲ့ကာ ပြောင်းထုတ်လုပ်မှုကိုလည်း ထိခိုက်စေခဲ့ကြောင်း သိရှိရပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ပြည်ပမှဆန်တင်သွင်းမှုကို သုံးနှစ်ကြာရပ်နားထားနိုင် ခဲ့ရာမှ ယခုအခါတွင် ပြည်ပမှဆန်တန်ချိန် တစ်သိန်းတင်သွင်းရန် တင်ဒါနှစ်ခုထုတ်ပြန်ထားကြောင်းလည်း သိရှိရပါသည်။

ဆန်ဈေးကွက်နှင့်ပတ်သက်သည့် ပြည်တွင်းသတင်းများအနေဖြင့် မလေးရှားနိုင်ငံမှ မြန်မာ့ဆန် တန်ချိန် ၁၅၀၀၀ ခန့်ကို ဝယ်ယူရန် ကမ်းလှမ်းထားကြောင်း မြန်မာနိုင်ငံ၊ ဆန်ကုန်သည်ကြီးများအသင်းထံမှ သိရှိရပါသည်။ မလေးရှားနိုင်ငံမှ ဆန်ဝယ်ယူရန်အတွက် တင်ဒါခေါ်ယူပြီး ဝယ်ယူခြင်းဖြစ်ကြောင်း သိရှိရပါသည်။ မလေးရှားနိုင်ငံမှ ဆန်ဝယ်ယူရန်အတွက် နိုဝင်ဘာလအတွင်းကမ်းလှမ်းခဲ့ပြီး ယခု ဒီဇင်ဘာလထဲတွင် တင်ဒါခေါ်ယူမည်ဖြစ်ကြောင်း ဆန်ကုန်သည်အသင်းအတွင်းရေးမှူး ဦးအောင်မြင့်က ပြောကြားခဲ့သည်ကို သိရှိရပါသည်။ လအလိုက် တစ်လလျှင် ဆန်တန်ချိန် ၅၀၀၀ နှုန်းဖြင့် သုံးလစာဝယ်ယူသည့်အတွက် စုစုပေါင်း တန်ချိန် ၁၅၀၀၀ ခန့် တင်ဒါပေးရန် ကမ်းလှမ်းထားကြောင်း သိရှိရပါသည်။ ယခင်နှစ်ကလည်း မလေးရှားနိုင်ငံမှ တင်ဒါစနစ်ဖြင့် ဆန်တန်ချိန် ၁၅၀၀၀ မှ ၂၀၀၀၀ အကြား ဝယ်ယူခဲ့ကြောင်း သိရှိရပါသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ ၃၁ ရက်နေ့အထိ (ယာယီ) စာရင်းများအရ ဆန်နှင့်ဆန်ကွဲ ပြည်ပတင်ပို့မှုအနေဖြင့် ဆန်တန်ချိန် ၀.၀၆၆ သန်း၊ တန်ဖိုး အမေရိကန် ဒေါ်လာ ၂၆.၆၅၇ သန်း၊ ဆန်ကွဲ တန်ချိန် ၀.၀၄၇ သန်း၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၄.၇၁၈ သန်း၊ ဆန်နှင့်ဆန်ကွဲ တန်ချိန် ၀.၁၁၃ သန်း၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၄၁.၃၇၅ သန်း တင်ပို့နိုင်ခဲ့ကြောင်း သိရှိရပါသည်။ ယင်းတင်ပို့မှုများသည် ပင်လယ်ရေကြောင်းနှင့် နယ်စပ်ဒေသများမှတစ်ဆင့် တင်ပို့နိုင်ခြင်း ဖြစ်ပါသည်။ ယခင်ဘဏ္ဍာနှစ် ကာလတူတွင် ဆန်နှင့်ဆန်ကွဲ တန်ချိန် ၀.၂၈၁ သန်း၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၈၁.၆၁၄ သန်း တင်ပို့နိုင်ခဲ့သည့်အတွက် ကာလတူထက် ဆန်နှင့်ဆန်ကွဲ တန်ချိန် ၀.၁၆၈ သန်း၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၄၀.၂၃၉ သန်း လျော့နည်းခဲ့ကြောင်း သိရှိရပါသည်။

၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ်၊ အောက်တိုဘာလအတွင်း (ယာယီ) စာရင်းများအရ ပြည်ပသို့ ဆန်နှင့်ဆန်ကွဲ အများဆုံး တင်ပို့နိုင်ခဲ့သည့်နိုင်ငံများမှာ တရုတ်၊ ဘယ်လ်ဂျီယမ်၊ ပိုလန်၊ မလေးရှား၊ ဟန်ဂေရီ၊ UK ၊ အင်ဒိုနီးရှား၊ ဂျာမနီ၊ ဖိလစ်ပိုင်နှင့် ဂရိနိုင်ငံတို့ ဖြစ်ကြပါသည်။

မြန်မာ–တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်း ၁ ယွမ်လျှင် ၂၀၂ ကျပ်နှုန်းရှိပြီး ဧည့်မထ ၂၅ % ဆန်တစ်အိတ်လျှင် ၂၃၂၃၀ကျပ်မှ ၂၄၂၄၀ ကျပ်ကြား ပေါက်ဈေးရှိကြောင်း သိရှိရပါသည်။ မြန်မာ–ထိုင်းနယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် ၁ ဘတ်လျှင် ၄၃ ကျပ်နှုန်း ပေါက်ဈေးရှိကြောင်း သိရှိရပါသည်။

တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ဧည့်မထဆန်ဈေးနှုန်းများကို လေ့လာကြည့်ပါက ဧည့်မထဆန်တစ်ပြည်လျှင် ဟားခါးမြို့တွင် ၂၃၀၀ ကျပ်၊ မုံရွာမြို့တွင် ၂၂၀၀ ကျပ်နှင့် ကလေးမြို့တွင် ၁၉၀၀ ကျပ်ဖြင့် အမြင့်ဆုံး ဈေးနှုန်းများဖြစ်ပေါ်ခဲ့ပြီး ဘားအံမြို့တွင် ၁၁၀၀ ကျပ်၊ စစ်တွေမြို့တွင် ၁၀၅၀ ကျပ်နှင့် မော်လမြိုင်မြို့တွင် ၁၀၀၀ ကျပ်တို့ဖြင့် အနိမ့်ဆုံးဈေးနှုန်းများဖြစ်ခဲ့သည်ကို တွေ့ရှိရပါသည်။

Trading Economics Website တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်အပတ်နှင့် နှိုင်းယှဉ်ပါက ၂.၈၈ ရာခိုင်နှုန်း ဈေးနှုန်းကျဆင်းခဲ့ကြောင်း သိရှိရပါသည်။ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလဆန်းပိုင်းတွင် နိုင်ငံတကာ ဆန်ဈေးနှုန်းများတွင် အတက်/အကျ ပြောင်းလဲမှုများရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်းများ အတက်/အကျ ပြောင်းလဲမှုများ ဖြစ်ပေါ်နေသည်ကို လေ့လာသုံးသပ် တင်ပြအပ်ပါသည်။

**ကေသွယ်(တန့်ဆည်မြေ)**